## ဆူရဟ် (၉၂) ညအမိုက် (အလ်–လိုင်းလ်)

ဥက္ကဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၅)၊ သုတ်ဒေသနာ (၂၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–ᵃᵃ

| | |
|---|---|
| ၁။ | **وَاللَّيْلِ إِذَا يَغْشَى۞**<br>ည ၎င်းအား ဖုံးကွယ်စေစဉ်–အားဖြင့်၊ |
| ၂။ | **وَالنَّهَارِ إِذَا تَجَلَّى۞**<br>နေ့ ၎င်းအား ထင်ရှားစေစဉ်– အားဖြင့်၊ |
| ၃။ | **وَمَا خَلَقَ الذَّكَرَ وَالْأُنثَى۞**<br>လိင်ဖို၊ လိင်မတို့အား ဖြစ်တည်စေသော အရာ အားဖြင့်– |
| ၄။ | **إِنَّ سَعْيَكُمْ لَشَتَّى۞**<br>ကေန်ပင် သင်တို့၏ ကြိုးစားမှုများကို ကွဲပြားစေ၏။ |
| ၅။ | **فَأَمَّا مَن أَعْطَى وَاتَّقَى۞**<br>အကြင်သူသည် ပေးကမ်း၏၊ စည်းစောင့်၏၊– |
| ၆။ | **وَصَدَّقَ بِالْحُسْنَى۞**<br>ကောင်းမှုအား ဖြောင့်မှန်စေ၏။ |
| ၇။ | **فَسَنُيَسِّرُهُ لِلْيُسْرَى۞**<br>ငါသည် သူ့အား လွယ်ကူမှုဆီသို့ လွယ်ကူစေတော်မူပြီ။ |
| ၈။ | **وَأَمَّا مَن بَخِلَ وَاسْتَغْنَى۞**<br>အကြင်သူသည် စီးကပ်၏၊ ကုံလုံပြည့်စုံပြီဟုထင်၏။ |
| ၉။ | **وَكَذَّبَ بِالْحُسْنَى۞**<br>ကောင်းမှုအား ငြင်းဆန်၏။ |
| ၁၀။ | **فَسَنُيَسِّرُهُ لِلْعُسْرَى۞**<br>ငါအရှင်သည် သူ့အား ခက်ခဲမှုဆီသို့ လွယ်ကူစေတော်မူပြီ။ |
| ၁၁။ | **وَمَا يُغْنِي عَنْهُ مَالُهُ إِذَا تَرَدَّى۞**<br>သူ၏ ကျဆုံးချိန်၌ သူ့ဥစ္စာက သူ့အား မပြည့်စုံစေတော့ချေ။ |

| | |
|---|---|
| ၁၂။ | **إِنَّ عَلَيْنَا لَلْهُدَى۞**<br>ကေန်ပင် လမ်းညွှန်ပေးခြင်းမှာ ငါ၏ ဝန်တာသာ ဖြစ်၏။ |
| ၁၃။ | **وَإِنَّ لَنَا لَلْآخِرَةَ وَالْأُولَى۞**<br>ကေန်ပင် နောင်ဘဝ၊ ရှေးဘဝတို့သည် ငါ့အပေါ်၌သာ တည်၏။ |
| ၁၄။ | **فَأَنذَرْتُكُمْ نَارًا تَلَظَّى۞**<br>သို့ဖြစ်၍ အလျှံပြောင်ပြောင် မီးအကြောင်း သင်တို့အား သတိပေါ်ပေးတော်မူပြီ။ |
| ၁၅။ | **لَا يَصْلَاهَا إِلَّا الْأَشْقَى۞**<br>ယင်းသည် ချိုးဖျက်သူကိုသာ[၁၁၆၆] တစ်သားတည်း ဖြစ်စေလတ္တံ့။ |
| ၁၆။ | **الَّذِي كَذَّبَ وَتَوَلَّى۞**<br>သူသည် ငြင်းဆန်၏၊ ထို့နောက် လှည့်သွား၏– |
| ၁၇။ | **وَسَيُجَنَّبُهَا الْأَتْقَى۞**<br>ယင်းသည် စည်းစောင့်သူတို့ထံမှ ရှောင်လွဲသွားသည် မည်၏။ |
| ၁၈။ | **الَّذِي يُؤْتِي مَالَهُ يَتَزَكَّى۞**<br>သူသည် ဥစ္စာပစ္စည်းအား ပေးလှူလျှက် စင်ကြယ်သန့်ရှင်းစေ၏။ |
| ၁၉။ | **وَمَا لِأَحَدٍ عِندَهُ مِن نِّعْمَةٍ تُجْزَى۞**<br>သူ့ထံ၌ သူ့အား ဂုဏ်ပေး ဆုချမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိဘဲလျှက်– |
| ၂၀။ | **إِلَّا ابْتِغَاء وَجْهِ رَبِّهِ الْأَعْلَى۞**<br>အမြင့်မြတ်ဆုံးသော ကံကြမ္မာရှင်၏ မျက်နှာတော်ရခြင်းကိုသာ ရှာမှီးခဲ့၏။ |
| ၂၁။ | **وَلَسَوْفَ يَرْضَى۞**<br>သူ့အား မကြာမီ ကျေနပ်နှစ်သက်ရစေလတ္တံ့။ |

---

(၁၁၆၆) **الْأَشْقَى အာ့ရှ်ကာဟ်** ဆိုသည်မှာ ဂိုဏ်းခွဲသူ၊ အကျင့်စာရိတ္တချိုးဖေါက်သူ၊ ကတိသစ္စာအား ချိုးဖျက်သူ–ဟု အနက်ပေးပေသည်။